# ပုဂ္ဂလ ဓမ္မ နည်းနယနှင့် စစ်မှန်သောသုခချမ်းသာ

အရှင်ဉာဏိကာဘိဝံသ

အကြောင်းတိုက်ဆိုင်လာတိုင်း ငယ်စဉ်ကအဖြစ်အဖျက်တစ်ခုကို သတိရမိတတ်ပါတယ်။ အရေအတွက်အနေနဲ့ အဖြစ်အပျက်တစ်ခုရယ်လို့သာပြောလိုက်ရပေမယ့် တစ်ကြိမ်တစ်ခါတော့လည်း မဟုတ်ခဲ့ပါဘူး။ အကြိမ်များစွာ နေ့များစွာပြုလုပ်ခဲ့မိတဲ့ အဖြစ်အပျက်တစ်ခုပါ။ သာမန်ကြည့်လျှင် ပြောပလောက်အောင်ကြီးကျယ်လှတယ်ရယ်လို့ မထင်ရပေမယ့် ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့အရာ အသက်ပါစတေးပေးဆပ်သွားနိုင်ရတဲ့အဖြစ်ပါလားလို့ နောက်များမှာမှ စဉ်းစားနိုင်ခဲ့တာပါ။ ပြန်လည်တွေးလေမိကာမှ ကြီးမားလှတဲ့အဖွားရဲ့ကျေးဇူးတရားကို ပိုပြီးတော့လည်းနားလည်လာရပါတယ်။

စာရေးသူငယ်ငယ်က ရောဂါကြီးတစ်ခုဖြစ်ခဲ့ဘူးပါတယ်။ ခေတ်သစ်ဆေးသိပ္ပံနည်းများအရ ဘယ်လိုအမည်တပ်မည် ဆိုတာမသိပေမယ့် စာရေးသူတို့ကျေးလက်သမားတော်ကြီးများကတော့ အပုတ်တက်ရောဂါလို့ခေါ်ပါတယ်။ စာရေးသူဖြစ်ခဲ့တဲ့အဲဒီရောဂါဟာ အများအားဖြင့်တော့ ညနေမွန်းလွဲပိုင်းအချိန်များမှာ အဖြစ်များပါတယ်။ နေ့စဉ်ဖြစ်တာ မဟုတ်ပေမယ့် တစ်ပတ်တစ်ခါ နှစ်ပတ်တစ်ခါဆိုသလိုဖြစ်လေ့ရှိပါတယ်။ ဒီရောဂါဟာ အကောင်းသား ဆော့ကစားနေရင်းကပေမယ့်လည်း လုံးဝချက်ခြင်းသတိမေ့မျောသွားတတ်တာမျိုးပါ။ဒီအချိန်အခါမျိုးမှာအနီးအနားကအကြောင်းသိသူများက နှာနှပ်ခြင်း ချိုးဖဲ့နှိပ်နယ်ခြင်းစတဲ့နည်းမျိုးနဲ့ သတိပြန်လည်လာအောင် လုပ်ပေးရပါတယ်။ ဒီလိုလုပ်ပေးသူမရှိခဲ့ဘူးဆိုရင် တစ်ခါတည်းအသက်ပျောက်သွားနိုင်တယ်လို့ဆိုပါတယ်။ ဒီတော့စာရေးသူငယ်စဉ်ကဆို တစ်ယောက်တည်း လွှတ်မထားရဲပါဘူး။ အနီးအနားမှာ လူကြီးတစ်ယောက်ယောက်တော့ အမြဲတမ်းစောင့်ကြည့်နေရတာပါ။ အထူးသဖြင့်တော့ ဒီတာဝန်ကို အဖွားပဲယူတာများပါတယ်။ ဒီကလေးတော့ဒီတောင်ကကျော်မှာမဟုတ်ပါဘူးလို့ပြောဆိုကြတဲ့သူများကို တစ်ဖက်ကရန်တွေ့ရင်း အဖွားခမျာ စာရေးသူကို တယုတယစောင့်ရှောက်ရတာပါ။ပိုးမွေးသလိုမွေးခဲ့ရတာမို့ထင်ပါတယ်၊ စာရေးသူအပေါ်မှာ အဖွားထားရှိတဲ့ မေတ္တာစေတနာရဲ့ပမာဏဟာ ပြောပြလို့မရနိုင်အောင်ကြီးမားလှပါတယ်။

ကျန်းမာရေးချူချာလှတဲ့မြေးအတွက် ကြောင့်ကြကြီးမားလွန်းလှတဲ့အဖွားခမျာ သူကိုယ်တိုင်လည်းပဲ ကျန်းမာရေးကောင်း မွန် လှတာတော့လည်း မဟုတ်ပါဘူး။ သို့ပေမယ့် မြေးဖြစ်သူအတွက်ဆိုရင် အဖွားခမျာသူ့ကျန်းမာရေးမကောင်းတာကိုတောင် ဂရုပြုမိပုံမရပါဘူး။ အိပ်ရာထဲကမထနိုင်တဲ့အဖွားက ဟိုပြေးဒီသွားဆော့ကစားနေတဲ့မြေးအတွက် ပူပင်သော ကဖြစ်နေတတ်ပါသေးတယ်။ မြေးကိုဆေးတိုက်ပြီးပြီလား မြေးဘယ်ရောက်သွားလဲရယ်လို့ တကြောင့်ကြကြ မေးတတ်တဲ့ အဖွားရဲ့စကားသံပို ခုတိုင်ပြန်လည်ကြားယောင်နေဆဲပါ။

ငယ်စဉ်အခါတုန်းကတော့ အဖွားရဲ့အပြုအစု၊ အဖွားရဲ့ဂရုစိုက်မှုကိုနှစ်သက်ကြေနပ်ပေမယ့် အဲဒီဆေးသောက်ပြီးပြီလားလို့မေးတတ်တဲ့အဖွားရဲ့စကားသံကိုကြားရတိုင်း အဖွားအပေါ် အမြဲတမ်းစိတ်ဆိုးစိတ်ကောက်ဖြစ်ခဲ့မိပါတယ်။
စာရေးသူရဲ့ရောဂါက အရွယ်နဲ့မမျှအောင်ပြင်းထန်တာမို့ ဆေးကိုနံနက်တစ်ကြိမ် ညတစ်ကြိမ်မှန်မှန် သောက်ရပါတယ်။ အချိန်ကာလအနေနဲ့လည်း နှစ်ပေါက်အောင်သောက်ရတာပါ။ သောက်ရတဲ့ဆေးကလည်း နည်းနည်း နောနောမဟုတ်ပါဘူး။ တကယ့်ကိုမှ တစ်ဆုပ်တစ်ခဲကြီးပါ။ နောက်ပြီးဆေးကလည်း အင်မတန်မှကို ခါးသီးလှပါတယ်။ အဆိုးဆုံးကတော့ ဆေးထဲမှာပါဝင်တဲ့ ရှိန်းခိုအနံ့ပါပဲ။ ဘယ်လိုရေစက်ကြောင့်ရယ်တော့မသိပါဘူး၊ စာရေးသူကလည်း ရှိန်းခိုအနံ့ဆိုလျှင် အလွန်မုပဲမုန်းတီးလှပါတယ်။ ဒီတော့အရသာကလည်းခါး ဆေးတွေကလည်းများ အနံ့ကလည်းဆိုးရွားလှတဲ့ အဲဒီဆေးတွေကို နှစ်ရှည်လများသောက်နေရတော့ အဖွားရဲ့ဆေးသောက်ပြီးပလား ဆိုတဲ့အသံဟာ စာရေးသူနားမှာ မိုးကြိုးပစ်တဲ့အသံထက်ကိုပဲ အခံရဆိုးလှပါတယ်။ ဆေးသောက်ချိန်ရောက်တာနဲ့ အဖွားမမြင်ကွယ်ရာမှာ တိမ်းရှောင်ဖို့အမြဲပဲကြိုးစားခဲ့ပါတယ်။ အဖွားခမျာ ဆေးကြောက်တဲ့မြေးပျောက်ကို အရပ်ကူပါလူဝိုင်းပါနဲ့ရှာဖွေရတာက အလုပ်တစ်ခုဖြစ်နေခဲ့ပါတယ်။

အသိဉာဏ်နုနယ်သေးတာမို့ အသက်အန္တရာယ်ထက် ဆေးသောက်ရမယ့်အန္တရာယ်ကိုပဲ အဲဒီအချိန်တုံးကတော့ ပိုပြီးကြောက်ရွံ့မိပါတယ်။ ဆေးသောက်ဖို့အမြဲတမ်းပဲအကြောက်အကန်ငြင်းလေ့ရှိတဲ့မြေးရဲ့ရှေ့မှာ ဆေးသောက်ရမှာကြောက်လန့်နေတဲ့မြေးအပေါ် တစ်ဖက်ကကရုဏာပွားရင်း တစ်ဖက်ကလဲ မြေးရဲ့အသက်အန္တရာယ်ကာကွယ်ဖို့အတွက် အတင်းအကြပ်တိုက်မှဖြစ်မဲ့အနေအထားမျိုးမို့ ဆေးခွက်ကိုကိုင်ပြီး မျက်ရည်ဖြိုင်ဖြိုင်ကျလေ့ရှိတဲ့ အဖွားရဲ့ရုပ်ပုံလွှာကို ခုတိုင်မြင်ယောင်နေမိပါသေးတယ်။ ငါ့မြေးနားလည်အောင် အဖွားဘယ်လိုပြောရပ့ါမလဲကွယ် ဆိုတဲ့ အဖွားရဲ့ မချိတင်ကဲစကားသံကိုလဲ ခုတိုင်ကြားယောင်နေဆဲပါပဲ။

ဘေးထက်ဆေးကိုပိုပြီးကြောက်လန့်နေတဲ့မြေးတစ်ယောက်ကို နားလည်သဘောပေါက်အောင်ရှင်းမပြနိုင်လေတဲ့ အနေအထားမျိုးမှာဖြစ်ပေါ်နေတဲ့ အဖွားရဲ့ရင်တွင်းခံစားချက်ကို စာရေးသူငယ်စဉ်ကတော့ ဘယ်လိုမှသဘောပေါက်နားမလည်နိုင်ခဲ့ပါဘူး။ ဆေးရဲ့အကျိုးအာနိသင်ကိုသိနားလည်တဲ့အသိဉာဏ်မျိုး မရှိသေးတဲ့အရွယ်မို့ ဆေးနဲ့ ပတ်သက်လာရင် အဖွားကိုလည်းမုန်း၊ ဆေးကိုလည်းမုန်း၊ ကုန်ကုန်ပြောရရင် မကြာမကြာရောက်ရောက်လာပြီး ရောဂါအခြေအနေကိုကြည့်ရှုလေ့ရှိတဲ့ ဆေးဆရာကြီးကိုလည်း အလွန်မုပဲမုန်းတီးခဲ့ပါတယ်။ တကယ်တော့ ဒီလိုဖြစ်ခဲ့တာဟာ အနာဂတ်မှာဖြစ်ပေါ်လာမယ့်အကျိုးဆက်ထက် ယခုလောလောဆယ် ခံစားရတဲ့ဆေးရဲ့ခါးသီးမှုဒဏ်နဲ့ ဆိုးရွားလှတဲ့အနံ့လောက်ကိုပဲ ဆင်းရဲလို့မြင်ခဲ့တဲ့အတွက်ကြောင့်ပါပဲ။ ဒီဆေးကိုမှန်မှန်မသောက်ခဲ့ရင် အသက်ပါ ပျောက်သွားနိုင်လောက်တယ်ဆိုတာကို မျှော်ခေါ်ပြီး မသိနိုင်ခြင်းကလဲ အခြေခံအကြောင်းတစ်ခုပါပဲ။

နောက်တစ်ခုကတော့ဆေးဆရာကြီးများရဲ့ နည်းပညာအရာမှာအားနည်းခဲ့မှုကြောင့်ပဲဖြစ်ပါတယ်။ ဆေးစွမ်းဘယ်လောက်ပင်ကောင်းစေဦးတော့ လူနာအနေနဲ့အဲဒီဆေးကိုမသောက်ဘူးဆိုရင် ဆေးရဲ့အာနိသင်ဆိုတာ ဘာမှအသုံးဝင်မယ် မဟုတ်ပါဘူး။ အထူးသဖြင့်တော့ စာရေးသူငယ်စဉ်ကလို အသိဉာဏ်မပြည့်ဝသေးတဲ့လူနာမျိုး၊ ဆေးသောက်ရန်ကြောက်တဲ့လူနာမျိုးအတွက်ဆို ဆေးခါးခါးကို အနံ့ဆိုးရွားစွာနဲ့သူ့အတိုင်းတိုက်ကျွေးတာထက် အရောင်လည်းလှပ၊ အနံ့လည်းမွှေးမြ၊ အပေါ်ကလည်းသကြားအုပ်ထားတဲ့ဆေးမျိုးကို တိုက်ကျွေးရင်ပိုပြီး အဆင်ပြေမှာပါ။ အနောက်တိုင်းဆေးများမှာတော့ နည်းပညာကကောင်းမွန်လေတာမို့ အတွင်းကအလွန်ခါးသီးလှတဲ့ ခါးပတ်ကြားလိုဆေးမျိုးကိုတောင်မှ အပေါ်ကသကြားအုပ်၊အရောင်အသွေးအလှကလေးနဲ့ထုပ်လုပ်ထားလေတာမို့ သောက်ချင်စဖွယ်ဖြစ်လို့နေပါတယ်။

တကယ်တော့မြန်မာ့တိုင်းရင်းဆေးတွေဟာ တကယ့်စစ်စစ်သဘာဝပစ္စည်းများနဲ့ထုတ်လုပ်တာမှန်မယ်၊ ကျွမ်းကျင်တဲ့သမားတော်များရဲ့လမ်းညွှန်မှုနဲ့ စားသုံးမယ်ဆိုရင် အလွန်မှပဲထိရောက်လှပါတယ်။ သို့ပေမယ့် မသမာသောစီးပွားရေးသမားအချို့နဲ့ ယောင်ဝါးဝါးတတ်ယောင်ကား သမားအမည်ခံပုဂ္ဂိုလ်အချို့ကြောင့် မျက်နှာငယ်နေရပါတယ်။ ဒီအထဲထုတ်လုပ်တဲ့နည်းပညာကလည်း ညံ့ဖျင်းလေပြန်တော့ ပို၍ပင်လူနာနဲ့အလှမ်းကွာဝေးသွားသလို ဖြစ်ရပြန်ပါတယ်။

စာရေးသူတို့ရဲ့နည်းပညာချို့ယွင်းမှု၊ ဓနအင်အားမပြည့်စုံမှုနဲ့ ကိုယ့်ပစ္စည်းရဲ့အရည်အသွေးကောင်းတွေကို ထိထိရောက်ရောက် မဖော်ထုတ်နိုင်မှုတွေဟာ တကယ်တော့ဆေးပညာနယ်ပယ်မှာသာမကပါဘူး။ အခြားသောစီးပွားရေး၊ လူမှုရေး၊ဘာသာရေးစတဲ့နယ်ပယ်မှာလဲ အလားတူဖြစ်နေတာကို ဂရုထားကြည့်ရင်တွေ့နိုင်ပါလိမ့်မယ်။ တကယ့်စစ်စစ် ပစ္စည်းရဲ့အရည်အသွေးကတော့ ကောင်းတာမှန်ပါရဲ့၊ သို့ပေမယ့် အဲဒီပစ္စည်းကိုသုံးစွဲသူများက မှန်မှန်ကန်ကန် မသုံးတတ်ခဲ့ရင်၊ သုံးစွဲဖို့လမ်းညွှန်သူတို့အနေနဲ့ မကျွမ်းကျင် မလိမ္မာခဲ့ရင်၊ နောက်ပြီး အလားတူပစ္စည်းမျိုးကို အတုထုတ်လုပ်သူတွေရှိနေတာကြောင့် ပစ္စည်းတုတွေသုံးစွဲမိခဲ့ရင် အစစ်အမှန်ပစ္စည်းတွေအပေါ်မှာပင် အပြစ်မြင်သွားနိုင်ပါတယ်။ ဒါကလဲ ဖြစ်တတ်တဲ့သဘာဝ ဖြစ်နိုင်တဲ့အနေအထားမို့ အပြစ်မြင်သူကို အပြစ်တင်စရာတော့လဲ မဟုတ်ပါဘူး။

သို့ပေမယ့်အပြစ်မြင်သူအနေနဲ့ အပြစ်တင်မစောမိရန်တော့ အမှန်ပဲ လိုအပ်ပါလိမ့်မယ်။ ဒီလိုမှမဟုတ်ဘဲ ကိုယ့်ရဲ့ အသိဉာဏ်က မမီလေတာမို့ အစစ်အတုခွဲခြားနိုင်တဲ့အနေမျိုးမရှိဘူးဆိုရင် ၊ ဒါမှမဟုတ် တကယ့်အစစ်အမှန် ပစ္စည်းကို ကိုယ်ကိုယ်တိုင်က တစ်ခါမှလက်တွေ့ကျကျ မသုံးခဲ့ဘူးသေးတာကြောင့် နားလည်လက်ခံနိုင်တဲ့ အနေ အထားမျိုး မရှိသေးဘူးဆိုရင်၊ အတုတွေလောက်ကိုသာ သုံးစွဲခဲ့ဘူးယုံမျှနဲ့ ဒီပစ္စည်းအမျိုးအစားဆိုရင် ဒီနည်းချည်း နေမှာပဲလို့ လေ့နံ့ခေးထစ် စွဲမှတ်သွားခဲ့မယ်ဆိုရင်တော့ တကယ့်အစစ်အမှန်ပစ္စည်း၊ အရည်အသွေးကောင်းမွန် မှန်ကန်တဲ့ပစ္စည်းမျိုးနဲ့ လွဲသွားနိုင်ပါတယ်။ ဒါဟာ အထူးသတိထားရမည့် အချက်ပါ။ လူတိုင်းဟာ အမှားမကင်း နိုင်ဘူးဆိုပေမယ့် ပြုပြင်လို့ရတဲ့အမှားမျိုးဆိုလျင်တော့ မထောင်းသာလှပါဘူး။ တကယ်လို့ တစ်ကြိမ်တစ်ခါပင် မှားတာဖြစ်စေဦးတော့ အဲဒီမှားလိုက်တဲ့အမှားဟာ နောင်တပူပန်မှု ဖြစ်ရုံမှတစ်ပါး ဘယ်လိုမှဖန်တီးပြုပြင်တည် ဆောက်လို့ မရနိုင်လောက်တဲ့အမှားတစ်ခုဖြစ်သွားခဲ့မယ်ဆိုရင်တော့ အလွန်မှပဲဝမ်းနည်းစရာဖြစ်ပါလိမ့်မယ်။

အကြောင်းတိုက်ဆိုင်လာတိုင်း ငယ်စဉ်ကအဖြစ်အပျက်တစ်ခုကို မကြာခဏသတိရမိတယ်ရယ်လို့ အစမှာပြောခဲ့ ပါတယ်။ ခုတစ်ခါလဲ ဒီအကြောင်းလေးကို ထပ်မံသတိရမိလာပါတယ်။ အကြောင်းအရာအနေနဲ့ တစ်ထပ်တည်း မဟုတ်သော်လည်း ခံစားမိပုံခြင်းကတော့ တစ်ထပ်တည်းနည်းပါးဖြစ်လေမလားပါ။ ကိုယ့်ကိုယ်ကို အားမလို အား မရဖြစ်ရတာ၊ တစ်ဖက်သားကိုကရုဏာဖြစ်ရတာ၊ ဒါတွေရဲ့ အကျိုးဆက်ရသဟာ ထပ်တူမကျနိုင်တောင် ထပ်တူမျှ ပင်ပန်းမှုဖြစ်ရတယ်လို့ဆိုနိုင်မှာပါ။

ဒီမှာတော့ ဘာသာရေးနဲ့ဆက်နွယ်နေတာမို့ ပိုပြီးသိမ်မွေ့သလို ပိုပြီးလဲကျယ်ပြန့်တယ်လို့ပြောရမှာပါ။ စာရေးသူ ကိုယ်တိုင်က ကိုယ်ယုံကြည်ကိုးကွယ်ဆည်းကပ်နေတဲ့ဘာသာမှာ အတိုင်းအတာတစ်ခုအထိ လေ့လာဘူး၊ လက်တွေ့ ကျကျလဲကျင့်သုံးခဲ့ဘူး၊ဓမ္မရသကိုလဲအတန်အသင့်ခံစားခဲ့ဘူးလို့ အကြွင်းမဲ့လေးလေးနက်နက်ယုံကြည်မှု အပြည့်ရှိသူ တစ်ဦးပါ။ သို့ပေမယ့် ကိုယ်လေ့လာတွေ့ကြုံခံစားဘူးသမျှလေးတွေကိုတောင်မှပဲ သူတစ်ပါးတွေကိုပြည့်ပြည့်ဝဝ နား လည်သဘောပေါက်အောင် ပြောပြနိုင်လောက်တဲ့စွမ်းရည်ရှိသူတစ်ဦးတော့လဲ မဟုတ်ပါဘူး။ ဒီတော့ငယ်စဉ်က ဆေး သောက်ဖို့ပျင်းကြောက်တဲ့မြေးရဲ့ရှေ့မှာ မြေးတစ်ယောက်ဆေးကို လိုလိုလားလားသောက်ချင်လာအောင် ဘယ်လို ပြောရပါ့မလဲလို့စဉ်းစားရင်း ဆေးခွက်ကလေးကိုကိုင် မျက်ရည်ဖြိုင်ဖြိုင်ကျနေရှာတဲ့ အဖွားရဲ့ရင်တွင်းက ခံစားချက်ကို စာနားလည်နိုင်ခဲ့ပါတယ်။ ဒီအတွက် တမလွန်ကအဖွားကို ငယ်စဉ်ကမသိနားမလည်ခဲ့မှုအတွက် ကြားနိုင်မည်ဆိုပါက တောင်းပန်စကားဆိုချင်နေမိပါသေးတယ်။

"ခု ကျွန်မတော့ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေကို မသွားေတော့ဘူး။ အခြားဘာသာဘုရားကျောင်းကိုပဲသွား တော့တယ်။ ဘုန်းကြီးကျောင်းတွေကိုသွားရတာစိတ်ချမ်းသာမှု မရဘူး။ ဘုရားကျောင်းကိုသွားတာက စိတ်ချမ်း သာတယ်။ ကျွန်မတို့ ဘာသာတရားကို ကိုးကွယ်တယ်ဆိုတာ အနည်းဆုံးစိတ်ချမ်းသာမှုလေးတော့ရမှ၊ ဒါမှမဟုတ် ရင် ငွေကုန် အချိန်ကုန်ပြီး ကိုးကွယ်နေရတာ ဘာအဓိပ္ပါယ်ရှိတော့မှာလဲ" ဆိုပြီး သူ့မိတ်ဆွေတစ်ဦးက သူ့ဆီကိုဖုန်း ဆက်တဲ့ အခါမှာပြောတယ် ဆို တဲ့အကြောင်း စာရေးသူနဲ့ရင်းနှီးတဲ့ ဒကာတစ်ဦးကပြောပါတယ်။ အဲဒီ သူ့မိတ်ဆွေဟာ အရင်ကဘာသာရေးနဲ့ ပတ်သက်လာရင် ရှေ့တန်းကနေတက်တက်ကြွကြွ လိုအပ်ရာကိုဆောင် ရွက်လေ့ရှိသူတစ်ဦးဖြစ်ကြောင်း၊လှူဒါန်းမှုမှာရက်ရောသလို ဘုရားကျောင်းကန်များရဲ့ ဝေယျာဝစ္စဆိုရင်လဲ အား တက်သရောရှိခဲ့သူတစ်ဦးဖြစ်ကြောင်း ဆိုတာကိုလည်း ပြောပြပါတယ်။

ဘာသာရေးနဲ့နီးနီးစပ်စပ်ပုဂ္ဂိုလ်တစ်ဦး ခုလိုအမြင်များပြောင်းလွဲသွားခြင်းဟာ သမန်ကြည့်ရင် အရေးမကြီးလောက် ပါဘူးလို့ထင်စရာရှိပေမယ့် ဂရုပြုကြည့်မယ်ဆိုရင်တော့ အထူးပင်ဂရုထားစရာများကိုတွေ့ရမှာပါ။ ဘာသာရေးနဲ့ ပတ်သက်လို့ဒီနဲ့အလားတူတဲ့စကားမျိုးကိုကြားမိတာ ဒါ ပထမဆုံးအကြိမ် မဟုတ်တော့ပါဘူး။ အရင်ကလဲ နှစ်ကြိမ် ခန့်လောက်ကြားမိခဲ့ဘူးပါတယ်။ စာရေးသူနဲ့လက်လှမ်းမီတဲ့ ပတ်ဝတ်ကျင်ကျဉ်းကျဉ်းလေးထဲမှာတောင် ခုလောက်ထိ အကြိမ်ကြိမ်ကြားရဘူးတယ်တိုရင် စာရေးသူလက်လှမ်းမမီနိုင်တဲ့ ကျန်ပတ်ဝန်းကျင်ကျယ်ကြီးထဲမှာဆို ခုလိုသဘော ထားတွေဘယ်လောက်ရှိနေပြီလဲလို့ မတွေးတောပဲမနေနိုင်အောင်ဖြစ်ရပါတယ်။ ဘာသာသာသနာနဲ့ကွာလှန်းသူ၊

မထိမတွေ့ဘူးသူများရဲ့သဘောထားအမြင်မျိုးဆိုရင်တော့ ခုလောက်ထိလေးလေးနက်နက်စဉ်းစားမိမှာ မဟုတ်ပါဘူး။ ဘာသာသာသနာနဲ့ရင်းနှီးသူများရဲ့သဘောထားအမြင်များဖြစ်တယ်ဆိုတာကြောင့် စဉ်းစားတွေးတောမိရသလို စိတ်မကောင်းခြင်းကြီးစွာလဲဖြစ်ရတာအမှန်ပါ။

ဒီလိုသဘောထားတွေပြောင်းလဲရတာဟာ ပြောင်းလဲသူရဲ့သဘောထားခံယူချက် မခိုင်မာမှုကြောင့်လား၊ ဒါမှမဟုတ် ခုလိုသဘောထားတွေပြောင်းလဲလေအောင် ပံ့ပိုးဖန်တီးလေတဲ့ ပတ်ဝန်းကျင်အခြေအနေကြောင့်လားဆိုတာ ဆန်းစစ်ကြည့်ဖို့လိုပါလိမ့်မယ်။ အရိယာနယ်ပယ်သို့ မရောက်သေးသူတို့ရဲ့သဘောထားဆိုတာ ဒီလိုပါပဲ၊ သိပ်ပြီးခိုင်မာလှတာ မဟုတ်ပါဘူးလို့ ကျန်းဂန်တွေကိုးကားပြီး အလွယ်တကူပြောလို့တော်မယ် မဟုတ်ပါဘူး။ နောက်ပြီး သာသနာကြီးက ဆုတ်ကပ်ခေတ်ကိုရောက်နေပြီလေ၊ဒီတော့လဲ သာသနာကိုယုံကြည်ကိုးကွယ်သူတွေယုတ်လျော့လာတာလဲ မဆန်းပါဘူးရယ်လို့ လူမဟန်ကံချ အညံ့ခံဝါဒ အပျက်မြင်ဝါဒ လက်ကိုင်စွဲတာမျိုးနဲ့ဖြေသိမ့်လို့လဲ သဘာဝကျမယ် မဟုတ်ပါဘူး။ ကောင်းသထက်ကောင်းတာတွေကို ရှာဖွေနေကြ၊လက်ခံလာကြတဲ့ခေတ်မှာ ကိုယ့်ဆီကကောင်းတဲ့အရာတွေကို အများသိအောင် မထုတ်ဖော်နိုင်တဲ့ မိမိတို့ရဲ့ ဖျင်းအနုံချာမှုကိုကာကွယ်ဖို့ ဆုတ်ကပ်ဆိုတာကို ရိုးမယ်ဖွဲ့ရမယ်ရှာတဲ့ နုံချာချာအယူအဆကို ခဝါချဖို့အချိန်လဲရောက်နေပါပြီ။

ဒီလိုသဘောထားအမြင်တွေပြောင်းလွဲသွားမှုမျိုးဟာ ဘာသာသနာအတွက်လဲအပေါင်းလက္ခဏာမဆောင်သလို ပြောင်းလဲသွားသူအတွက်လဲ အင်မတန်နစ်နာလှပါတယ်။ ကုန်ရှုံးရင် တစ်ခေါက်၊ လင်ယူမှားရင် တစ်သက်လုံးမှောက်၊ ကိုးကွယ်မှုမှားရင်တော့ တစ်သံသရာလုံးမှောက် ဆိုတဲ့ ဆိုရိုးစကားဟာ သာမန်လေးမဟုတ်ပါဘူး။အလွန်မှတန်ဖိုးကြီးလေးနက်ပါတယ်။ ကူးသန်းရောင်းဝယ်သူတို့အနေနဲ့ တစ်ခေါက်တစ်လေအမှားအယွင်းဖြစ်ခဲ့ရင် အဲဒီအမှားကိုသခ်ိန်းစာယူပြီး နောက်နောက်ရောင်းဝယ်မှုတွေမှာချောမွေ့အဆင်ပြေအောင်လုပ်နိုင်ပါလိမ့်မယ်၊ လင်ယူမှားရင် တစ်သက်လုံးမှောက်ဆိုတာကလဲ တစ်လင်တစ်မယားစနစ်ကို အလွန်တန်ဖိုးထားတဲ့ စာရေးသူတို့မြန်မာ့လူ့အဖွဲ့အစည်းအတွက်သာပါ။ ဒီလိုပြောတော့ တစ်လင်မကောင်းတစ်လင်ပြောင်းပေ့ါ ဆိုပြီး လွယ်လင့်တကူကွဲကြပြဲကြ နောက်တစ်ယောက်နဲ့တွဲကြဆိုတဲ့ အနောက်ပုံစံမျိုးကို အတုယူရမယ်လို့ တိုက်တွန်းခြင်းမဟုတ်ပါဘူး။ ပြောလိုတာက တစ်သက်လုံးမှောက်ဆိုပေမယ့် အကောင်းဆုံးဖြစ်မလာနိုင်သည့်တိုင် အတန်အသင့်ညှိနှိုင်းကြံဆ အဖြေရှာလို့ရနိုင်သေးတယ်ဆိုတာကိုပါ။

ကိုးကွယ်မှုမှားရင်တစ်သံသရာလုံးမှောက်ဆိုတဲ့စကားကတော့ နက်နက်ရှိုင်းရှိုင်းကို ဆင်ခြင်သတိထားရမည့် အချက်ပါ။ တစ်ချို့အယူဝါဒတွေဟာ ပစ္စုပ္ပန်မျက်မြင်လေးလောက်ကိုကြည့်မယ်ဆိုရင်တော့ ဗုဒ္ဓဝါဒနဲ့သိပ်ပြီး မခြားနားလှပေဘူးလို့ထင်စရာပါ။ သို့ပေမယ့် ဗုဒ္ဓဝါဒရဲ့အခြေခံဖြစ်တဲ့အကြောင်းအကျိုးဆက်နွယ်မှုဆိုတာလောက်ကိုတောင် ယုံကြည်မှုမရှိတာကိုတွေ့ရမှာပါ။ အကြောင်းအကျိုးကိုမယုံကြည်သူများအတွက် နောက်ဆက်တွဲရလဒ်က သိနားလည်သူများအတွက် ကြောက်မက်ဖွယ်ပါ။ နောက်ပြီး တစ်ချို့အယူအစွဲပြင်းထန်လှတဲ့ဘာသာများမှာ အဝင်သာရှိပြီး အထွက်မရှိနိုင်တဲ့အနေမျိုးကိုလဲ ကြိုတင်သိထားဖို့လိုပါလိမ့်မယ်။ ကိုယ့်နိုင်ငံလည်းဖြစ် ကိုယ့်ယဉ်ကျေးမှုကလည်း အားကောင်းလို့ မသိသာလှပေမယ့် သူတို့အားကောင်းတဲ့နေရာများမှာ ကိုယ့်ယုံကြည်မှုကိုတောင် ထင်ရှားပြဖို့မလွယ်လှတာကို ပြင်ပကမ္ဘာကိုထွက်ခွါဘူးသူများအနေနဲ့ သတိထားမယ်ဆိုသိပါလိမ့်မယ်။ ရုန်းမထွက်နိုင်လောက်အောင်တုတ်နှောင်တတ်တဲ့အရာမျိုးတွေကို အချိန်နှောင်းမှသိခဲ့မယ်ဆိုရင် ဝမ်းနည်းယုံမှတစ်ပါး ဘာမှတတ်နိုင်လေမှာ မဟုတ်ပါဘူး။

သာမန်ပုဂ္ဂိုလ်အများစုအနေနဲ့ အချော့ကြိုက် အပျော်ကြိုက် အလွယ်ကြိုက်အဆင့်ထက် မပိုကြသေးပါဘူး။ ဖြတ်သန်းလာခဲ့ရတဲ့ဘဝမှာ အတန်အသင့်အတွေ့အကြုံလေးတွေရှိခဲ့လို့ ကိုယ့်ကိုယ်ကိုယ် အတော်အတန် ရင့်ကျက်နေပြီရယ်လို့လဲ ထင်တတ်ကြတာကလဲ သဘာဝပါ။ ဒီလိုရင့်ကျက်ပြီထင်လေတာကြောင့်လဲ ကိုယ့်ရဲ့အတွေးအထင်အယူအဆတွေဟာ မမှားနိုင်လောက်ဘူး၊ အမှန်တွေပဲရယ်လို့လဲထင်တတ်ကြပြန်ပါတယ်။ ဒီအယူအဆတွေဟာ

အရမ်းကာရောတွေးထင်ယူဆခဲ့တာမဟုတ်ဘူး။ လက်တွေ့ဘဝအတွေ့အကြုံနဲ့အသိဉာဏ်ကိုအခြေခံပြီး ဖြစ်ပေါ်ခဲ့တာရယ်လို့လဲ ကိုယ့်အယူအဆကို ကိုယ့်ဟာကိုထောက်ခံဆင်ခြေလဲပေးတတ်ပြန်ပါတယ်။

သို့ပေမယ့်ထည့်သွင်း မစဉ်းစားမိတဲ့အချက်က ကိုယ့်ရဲ့အတွေးအထင်အယူအဆဟာ ကိုယ့်ရဲ့အသိဉာဏ်ဘောင်လေးအတွင်းမှာပဲ အခြေခံခဲ့ခြင်းဖြစ်တယ်ဆိုတာကိုပါ။ တကယ့်ပါရမီရှင်များကလွဲရင် အများစုအနေနဲ့ အလွန်ကျဉ်းမြောင်းလှတဲ့ ကိုယ့်အသိဉာဏ်စည်းဘောင်လေးအတွင်းကနေဖောက်ထွက်ပြီး မစဉ်းစားနိုင်ကြဘူးဆိုတာကို နားလည်ထားဖို့လိုပါတယ်။ ကမ္ဘာကအသိအမှတ်ပြုလေးစားလောက်တဲ့ ဘာသာ ရေးခေါင်းဆောင်တွေ၊ အတွေးခေါ်ပညာရှင်ကြီးတွေ အမြောက်အများမပေါ်နိုင်ခဲ့တာဟာ သာမန်သူတို့အသိဉာဏ်ရဲ့ အကန့်အသတ်ကို ထင်ရှားပြတဲ့ သက်သေကောင်းတစ်ခုပါ။ ဘယ်လောက်ပဲထူးချွန်သည်ဆိုပစေဦးတော့၊ ကန့်သတ်ဘောင်ဆိုတာ အတိုင်းအတာရှိတဲ့အရာပဲဖြစ်ပါတယ်၊ အတိုင်းအတာမှန်သမျှဟာလဲ အဆုံးအပိုင်းခြားမဲ့ မဟုတ်လို့ တကယ့်စစ်မှန်တဲ့ ကေဝလပန်းတိုင် မဟုတ်နိုင်ပါဘူး။

အချော့ကြိုက်၊ ပျော်ကြိုက်၊ အလွယ်ကြိုက်တွေအတွက် ချော့သူ ဖြေဖျော်သူနဲ့တွေ့ခဲ့ရင်၊ အလွယ်နည်းနဲ့တွေ့ခဲ့ရင် အဲဒီဖက်ကို အလွယ်တကူနဲ့ တိမ်းညွှတ်သွားတတ်ပါတယ်။ ဒီလိုအခါမျိုးမှာ ကိုယ့်ကိုယ်ကိုယ်ကာကွယ်လို၊ ကိုယ့်သိက္ခာကိုမြှင့်တင်လိုတဲ့အနေနဲ့ ကိုယ့်ရွေးချယ်မှုဟာ မှန်ကန်ကြောင်း သက်သေပြဖို့ တရားခံကိုလဲရှာဖွေတတ်ပါသေးတယ်။ ကိုယ့်ရဲ့အတ္တက ကိုယ့်ကိုပြန်လည်လှည့်စားခြင်းလို့ပြောရမှာပါ။ ဒီအခါမျိုးမှာ ကိုယ့်အတ္တသဘော မှန်ကိုကိုယ်ပြန်ပြီးမမြင်နိုင်ခဲ့ဘူးဆိုရင်တော့ အစွန်းတစ်ဖက်ကိုရောက်သွားပေမှာ အမှန်ပါပဲ။ အတ္တရဲ့အဖုံးအကာဟာအလွန်ပါးလွှာလွန်းတာကြောင့် ပြန်လည်မြင်ယောင်နိုင်ဖို့ခက်ခဲလှပါတယ်။ မဆုံးနိုင်တဲ့အန္တရာယ်တွေကိုလဲ ဖြစ်စေတတ်ပါတယ်။ ကတ္တရာလမ်းပေါ်က Black ice ကို ပုံဆောင်ပြောနိုင်မလားပါ။ မြင်နိုင်ဖို့ခက်ခဲသလို အန္တရာယ်လဲကောင်းကောင်းပေးတတ်ပါတယ်။

ဒီနေရာမှာမြတ်ဗုဒ္ဓရဲ့စကားတစ်ခွန်းကို သတိရမိပါတယ်။ တစ်ချိန်မှာ ဉပါလိသူကြွယ်ဟာ သူ့ရဲ့အယူဝါဒများနဲ့မြတ်ဗုဒ္ဓကိုနှိပ်ကွပ်မယ်ဆိုပြီး ဗုဒ္ဓရှိရာကိုရောက်လာပါတယ်။ ဉပါလိဆိုတာ တိတ္ထိတွေရဲ့ဒကာတစ်ဦးဖြစ်သလိုအားထားရတဲ့ တပည့်တစ်ဦးလဲဖြစ်ပါတယ်။ ဉပါလိဟာ သူ့ကိုယ်သူယုံကြည်မှုအပြည့်နဲ့ ဗုဒ္ဓထံလာခဲ့တာပါ။ ဗုဒ္ဓနဲ့တွေ့ဆုံဆွေးနွေးအပြီးမှာတော့ ဗုဒ္ဓအပေါ်အားကိုးယုံကြည်လာခဲ့ပါတယ်။ ဒါကြောင့်သူဟာ ဗုဒ္ဓရဲ့တပည့်သားတစ်ဦးအဖြစ်ခံယူပါကြောင်း၊ ရာသက်ပန်ဗုဒ္ဓကိုကိုးကွယ်ဆည်းကပ်မည့် ဉပါသကာတစ်ဦးအဖြစ်မှတ်ယူစေချင်ပါကြောင်း လျှောက်ထားခဲ့ပါတယ်။ ဒီအခါမှာ ဗုဒ္ဓက ဉပါလိ ကိုးကွယ်ယုံကြည်မှုကို ခုလိုအလွယ်တကူမပြောင်းသင့်ကြောင်း၊ အထူးသဖြင့် သင်တို့လိုထင်ရှားကျော်ကြားတဲ့ပုဂ္ဂိုလ်တစ်ဦးအနေနဲ့ဆိုရင် သာ၍ပင်ဂရုထားသင့်ကြောင်း မိန့်ကြားတော်မူခဲ့ပါတယ်။ တရားသော မတရားသောဆိုတာနောက်မှာထား နောက်လိုက်များရေးကိုသာ ဦးစားပေးအလေးထားလေ့ရှိတဲ့ အချို့ဘာသာရေးခေါင်းဆောင်များရဲ့ အယူအဆနဲ့တော့ ကွာခြားလှတာကိုတွေ့ရမှာပါ။ နောက်ပြီး ကိုးကွယ်ယုံကြည်မှုဆိုတာဘယ်လောက်အရေးကြီးကြောင်းကိုလဲ ဗုဒ္ဓရဲ့အထက်ပါစကားကို နက်နက်ရှိုင်းရှိုင်းစဉ်းစားကြည့်ရင်သိနိုင်မှာပါ။

အစဉ်အဆက်လက်ခံယုံကြည်မှုကနေလမ်းခွဲဖောက်ထွက်သူတစ်ဦးအနေနဲ့ ကိုယ်လက်ခံလိုက်နာကျင့်ကြံမည့် ဝါဒသစ်ကို နှိုက်နှိုက်ချွတ်ချွတ် နက်နက်နဲနဲ စူးစမ်းဖို့ အမှန်ပဲလိုအပ်ပါတယ်။ လေးလေးနက်နက် မစူးစမ်းပဲ အပေါ်ယံအကာပိုင်းလွှာလောက်ကိုပဲရှုမြင်ပြီး အမှန်တစ်ခုလို့လက်ခံလိုက်မယ်ဆိုရင်တော့ အသိဉာဏ်နဲ့နည်းရာရောက်လေမှာ အမှန်ပါပဲ။

ဘာသာတရားကို ကိုးကွယ်ယုံကြည်သူတို့အနေနဲ့ သတိပြုရမည့်အချက်တစ်ခုကိုလဲပြောချင်ပါသေးတယ်။ အဲဒါကတော့ ပုဂ္ဂိုလ်နဲ့ဓမ္မကို သတ်သတ်စီမြင်အောင်ကြည့်တတ်ဖို့ပါ။ အကိုးကွယ်အဆည်းကပ်ခံပုဂ္ဂိုလ်ဟာ ကိုယ်ကိုယ်ကိုးကွယ်တဲ့ဓမ္မနဲ့ တစ်ခုတည်းတစ်ထပ်တည်းမဟုတ်ဘူးဆိုတာကိုပါ။ စာရေးသူတို့အများစုအနေနဲ့ ပုဂ္ဂိုလ်နဲ့ဓမ္မ

ကိုရောထွေးပြီးမြင်တတ်ကြပါတယ်။ အဲဒီလိုပုဂ္ဂိုလ်နဲ့ဓမ္မကိုခွဲခြားပြီးမမြင်လေတာကြောင့် ဓမ္မရဲ့တန်ဖိုး ဓမ္မရဲ့အရည်အသွေးကိုဆုံးဖြတ်ရာမှာ ပုဂ္ဂိုလ်ကိုပဓာနထားပြီး ရှုမြင်တတ်ကြပါတယ်။ ဓမ္မရဲ့အရောင်ဟာ ပုဂ္ဂိုလ်အပေါ်မှာ ထင်ဟပ်နိုင်ပေမယ့် အဲဒီထင်ဟပ်တဲ့ဓမ္မရဲ့ ပမာဏဟာ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အတိုင်းအတာဘယ်လောက် ရှိလေသလဲဆိုတာကတော့ အမှန်အတိုင်းသိမြင်နိုင်ဖို့ ခက်ခဲလှပါတယ်။ ဒီတော့ ဒီပုဂ္ဂိုလ်ကတော့ အသက်အရွယ် ကြီးရင့်တာမို့၊ ဒီပုဂ္ဂိုလ်ကတော့ ဘာသာရေး သာသနာရေးမှာရှေ့တန်းကနေ မားမားမတ်မတ် ဦးဆောင်ဦးရွက် ပြုနေတာမို့၊ ဒီပုဂ္ဂိုလ်ကတော့ နာမည်ကျော်ကြားထင်ရှားသူမို့ စတဲ့စတဲ့အကြောင်းများနဲ့ တရားပြည့်ဝသူ ဖြစ်မှာပဲရယ်လို့ တရားသေစွဲယူမှတ်ထင်လို့ ရနိုင်မယ် မဟုတ်ပါဘူး။ ဒီလိုပြောရတာက အဲဒီလိုမှတ်ထင်တာဟာ အပြစ်တစ်ခု မဟုတ်ပေမယ့် ကိုယ်ထင်ထားတဲ့ပုဂ္ဂိုလ်၊ ကိုယ်လေးစားကြည်ညိုထားတဲ့ပုဂ္ဂိုလ်က ကိုယ်ထင်ထားသလောက် မဟုတ်ခဲ့ရင်၊ နောက်ပြီး ကိုယ်ထင်မှတ်မထားတဲ့ မဖွယ်မရာအမူအယာ တွေပြုလုပ်လာခဲ့ရင်၊ အဲဒီလို ကိုယ်အထင်ကြီးထားတဲ့ပုဂ္ဂိုလ်တွေကိုအကြောင်းပြုပြီး တကယ့်တရားအမှန် ဓမ္မ စစ်စစ်အပေါ်မှာ အထင်အမြင်လွဲ သွားနိုင်ပါတယ်။ ဒီလိုပုဂ္ဂိုလ်ကြီးတွေတောင်မှ ဒီလိုဖြစ်တယ်ဆိုတော့ သူတို့ကျင့်သုံးတဲ့တရားဆိုတာက ဘာလဲဆိုပြီး မမှန်ကန်တဲ့ အကြောင်းကိုအခြေပြုပြီး တရားအမှန်အပေါ်မှာ မေးခွန်းထုတ်လာနိုင်ပါတယ်။ သံသယတွေလဲပွားလာနိုင်ပါတယ်။ ထားသင့်တဲ့သံသယဟာ အမြင်မှန်ရဖို့ အထောက်အပံ့ကောင်းဖြစ်ပေမယ့် မှားယွင်းတဲ့သံသယမျိုးကတော့ အမှန်တရားနဲ့ အလှမ်းဝေးကွာသွားစေနိုင်ပါတယ်။

တကယ်တော့ ဓမ္မဆိုတာ သူတစ်ပါးသန္တာန်မှာရှိသောမရှိသောထက် ကိုယ့်သန္တာန်မှာ ဘယ်လောက်ကိန်းတည်နေပြီလဲဆိုတာကိုပိုပြီး ပဓာနထားရမယ်ဖြစ်ပါတယ်။ သူတစ်ပါးတို့အရည်အသွေးကို စစ်ဆေးဆန်းစစ်နေခြင်းထက် ကိုယ့်အရည်အသွေးကို မြင့်သထက်မြင့်အောင်မြှင့်တင်ရမယ်ပဲဖြစ်ပါတယ်။ ကိုယ့်အရည်အသွေးကိုမြှင့်တင်ရာမှာလဲ အဓိကကျသူဟာ ကိုယ်ကိုယ်တိုင်သာပဲဖြစ်ပါတယ်။ တစ်ခြားတစ်ပါးသူများအနေနဲ့ အထောက်အပံ့မျှလောက်သာ ပေးနိုင်မယ်ဖြစ်ပါတယ်။ ရှင်းရှင်းဆိုရရင်တော့ ကိုယ့်အကြံအစည် အပြောအဆိုအပြုအမူများရဲ့နောက်ဆက်တွဲ အကျိုးရလဒ်ကို ကိုယ်ပဲရယူပိုင်ဆိုင်ရမယ်ဖြစ်ပါတယ်။ ကောင်းလျှင်လည်း ကိုယ်စံရမှာဖြစ်သလို မကောင်းလျှင်လည်း ကိုယ်ပဲခံရမယ်ဖြစ်ပါတယ်။ ဒါဟာ ကမ္မနိယာမရဲ့ မလွဲမှားနိုင်တဲ့စံညွှန်းတစ်ခုပဲဖြစ်ပါတယ်။

ယုံကြည်ကိုးကွာမှုတစ်ခုမှာ ကမ္မနိယာမရဲ့အခြေခံဟာ အရေးကြီးတဲ့အချက်တစ်ခုမို့ အထူးသတိပြုမိဖို့လိုသလို နက်နက်ရှိုင်းရှိုင်းစဉ်းစားမိဖို့လဲလိုပါတယ်။ ကိုယ့်အပြုအမူ အပြောအဆိုများရဲ့နောက်ဆက်တွဲရလဒ်ကို အခြားသူတစ်ဦးတစ်ယောက်က အစားထိုးခံယူမယ်ဆိုတာမျိုးဟာ အချောင်သမားတွေကို မြူဆွယ်တဲ့ အချောင်သမားပျော်ဝါဒသာဖြစ်ပါလိမ့်မယ်၊ နောက်ပြီး ဒီဝါဒမျိုးမှာ ယာယီပျော်ရွှင်မှုဆိုတာရှိကောင်းရှိမှာဖြစ်ပေမယ့် စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းမှုဆိုတာကတော့ ရှိနိုင်မယ်မဟုတ်ပါဘူး။ ပျော်ရွှင်မှုကိုအလေးပေးလွန်းရင်ဖြင့် ငြိမ်းအေးမှုကနေ ဝေးသထက်ဝေးသွားတတ်ပါတယ်။

တစ်ခြားပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အစီအရင်အဆုံး အဖြတ်အတိုင်းသာ ငြင်းဆန်ပိုင်ခွင့်မရှိပဲ လက်ခံလိုက်နာရမယ်ဆိုတဲ့ဝါဒမျိုးကတော့ လူသားတစ်ဦးစီရဲ့ကိုယ်ပိုင် စွမ်းရည်ကို အညွန့်တုံးစေတဲ့ဝါဒ၊လူ့စွမ်းရည်ကို ဥပေက္ခာပြုလျစ်လျူရှုတဲ့ဝါဒသာဖြစ်ကြောင်း ကောင်းကောင်းသဘောပေါက်ဖို့လိုပါတယ်။ဒီဝါဒမျိုးမှာတော့ အကြောက်တရားက ရှေ့တန်းမှာ ရှိနေတတ်ပြန်ပါတယ်။ဝါဒနဲ့ဝါဒရှင်ကို ဆန်းစစ်ဝေဘန်ခြင်းသည်ပင် မဟာအမှားအယွင်းကြီးတစ်ခု၊ပြစ်မှုကြီးတစ်ခု ဖြစ်ရပြန်ပါတယ်။ အကြောက်တရားဆိုတာ ဘယ်သောအခါမှာမှ အသိဉာဏ်အမှန်တရားကိုဖြစ်ပွားစေနိုင်မယ် မဟုတ်ပါဘူး။ ဒီဝါဒတွေမှာ တစ်ချို့က ချော့လွန်းလျော့လွန်းနဲ့ အပျော့ဆွဲမှာအားကောင်းသလို၊ တစ်ချို့ကြ တင်းလွန်းပြတ်လွန်းပြီး အကြပ်ကိုင်မှုမှာ အင်အားကောင်းလွန်းတတ်ကြပါတယ်။ သာယာညွတ်နူးဖွယ်တွေချည်းကိုသာအခြေခံမယ်ဆိုရင် လောဘတွေပွားနိုင်သလို၊ ကြောက်ရွံ့တုန်လှုပ်မှုတွေကို အခြေပြုခဲ့မယ်ဆိုပြန်ပါရင်လဲ ဒေါသတွေပွားသထက် ပွားများနိုင်ပြန်ပါတယ်။ လောဘ ဒါမှမဟုတ် ဒေါသကိုတိုးပွားစေတဲ့နည်းစနစ်ကိုအခြေပြုတဲ့ ဘယ်သတ္တလောကအဖွဲ့အစည်းတစ်ခုဆီကမှ စစ်မှန်ငြိမ်းချမ်းတဲ့ရလဒ်အဖြေကောင်းထွက်တယ်ဆိုတာ မရှိခဲ့ဘူးပါဘူး။ နောင်လဲရှိနိုင်မည်မဟုတ်ပါဘူး။ ဘာသာဝါဒဆိုတာက လူသားတို့ကြား အချင်းချင်း စစ်ကင်းဖို့အားပေးရမှာပါ။ စစ်ခင်းဖို့

အသားပေးရမှာမျိုးမဟုတ်ပါဘူး။ အဲ တစ်ဦးချင်းစီရဲ့ရင်တွင်းက စစ်တလင်းပြင် ကင်းစင်ဖို့သင်ပြတဲ့ဝါဒမျိုးကတော့ မြတ်မှ မြတ်လှစွာသောပေါ့။

လူနာ၊ ဆေးနဲ့ သမားကြားမှာ သမားလိန်ကြောင့်ဆေးစွမ်းမထက်နိုင်ဖြစ်ရတာမျိုးတွေ၊ သမားပင်ကျွမ်းကျင်သော်လည်း ဆေးတုတွေဖြစ်နေတာကြောင့် ရောဂါမပျောက်နိုင်ဖြစ်ရတာမျိုးတွေရှိသလို ဘာသာရေးနယ်ပယ်မှာလည်း တရားတုတွေ ဆရာတုတွေကြောင့် အစစ်အမှန်တွေရဲ့အခန်းကဏ္ဍက ပျောက်နေသလိုမျိုးလဲဖြစ်တတ်ပါသေးတယ်။ အဲ သမားတွေရဲ့နည်းပညာချို့ယွင်းမှုကြောင့် စားသုံးချင်စရာမဖြစ်လေတဲ့ဆေးစစ်စစ်တွေလို ဆရာတွေရဲ့နည်းပညာချို့ယွင်းမှုကြောင့် အရောင်မှိန်နေရတဲ့ တကယ့်အစစ်အမှန်ဓမ္မဆိုတာလဲရှိလေရဲ့လို့ ဆရာသမားများဖက်ကလဲ စဥ်းစားကြ နည်းလမ်းရှာကြဖို့လိုပါလိမ့်မယ်။ အကိုးကွယ်ခံပုဂ္ဂိုလ်ဆိုတာ အားထားယုံကြည်လောက်စရာ အရည်အသွေးတစ်ခုတော့ရှိပါမှတော်ပေလိမ့်မယ်။ သမားရိုးကျယုံကြည်ကိုးကွယ်သူအတွက် သမားရိုးကျနည်းနိဿယ အဆုံးအမများလောက်နဲ့ကျေနပ်နိုင်ကောင်း ကျေနပ်လောက်ခန့်ရှိပေမယ့် သမားရိုးကျမဟုတ်သူများအတွက်တော့ နည်းဟောင်းဆိုတာကောင်းပင်ကောင်းသော်လည်း အသုံးမတည့်တဲ့ အကောင်းသာဖြစ်ပေလိမ့်မယ်။

ပြောခဲ့တာတွေများပြီမို့ နိဂုမ်းစကားဆိုချင်ပါတယ်။ ပြောခဲ့သလိုပါပဲ။ ဘာသာရေးဆိုတာအလွန်ကျယ်ပြန့်သလို သိပ်ပြီးတော့လဲ သိမ်မွေ့နက်နဲပါတယ်။ ပိုပြီးစစ်မှန်ခိုင်မာလေလေ ပိုပြီးသိမ်မွေ့နက်နဲလေလေပါပဲ။တကယ့် သဒ္ဓမ္မ–တရားစစ်စစ်ဆိုတာ စကားလုံးအလှဝေါဟာရတွေမဟုတ်ပါဘူး။ ဝေါဟာရလွန်နယ်ပယ်မှာရှိပါတယ်။ ဝေါဟာရ– စာ,စကားလုံးလွန်သဘာဝတရားတွေဆိုတာ စာလုံး,စကားလုံးနဲ့ဖော်ပြဖို့ခက်ခဲလှပါတယ်။ ကိုယ်တိုင်လက်တွေ့ပြုကျင့်လိုက်နာလို့ ကိုယ်တွေ့ခံစားရ ပါမှ နားလည်နိုင်တာမျိုးပါ။ ဆေးညွှန်းဖတ်ကြည့်ယုံနဲ့ ဆေးရဲ့အာနိသင်ကို တကယ်မသိနိုင်သလို ဘယ်ရောဂါမှလဲ ပျောက်ကင်းနိုင်မှာ မဟုတ်ပါဘူး။

အပြန်အလှန်ဖေးမကူညီခြင်း၊ စာနာထောက်ထားခြင်း၊ ကျင့်ဝတ်သိက္ခာများကိုစောင့်ထိန်းလိုက်နာခြင်းစတဲ့ အရာတွေဆိုတာ ဘာသာရေးကောင်းတစ်ခုရဲ့ အခြေခံအချက်လောက်သာဖြစ်ပါသေးတယ်။ ဒါတွေဟာစာရေးသူတို့ သတ္တလောကတိုးတက်ကောင်းမွန်စေဖို့အတွက် မရှိမဖြစ်တဲ့အရာတွေဖြစ်ပေမယ့် အဆုံးပန်းတိုင်တော့ မဟုတ်သေးပါဘူး။ ဒီစကားကိုဒီမှာပြောရတာက အပေါ်ယံလေးမျှလောက်ကိုသာမကြည့်ပဲ နက်နက်ရှိုင်းရှိုင်းစူးစမ်းစေချင်တာကြောင့်ပါ။ နောက်ပြီး ခရီးဆုံးပန်းတိုင်အထိအရောက် လျှောက်စေချင်တဲ့ စေတနာဆန္ဒကြောင့်လည်းပဲဖြစ်ပါတယ်။

အခြေခံအပိုင်းလောက်မှာဖြစ်နေတဲ့ အဆင်မပြေ အလိုမကျမှုတွေ ၊ အဆင်ပြေ ကျေနပ်မှုတွေကိုကျော်လွှားပြီး တကယ့်အစစ်အမှန်တရားရဲ့ငြိမ်းချမ်းမှုသန္တိသုခကို အရယူနိုင်ပါမှ အသိဉာဏ်အဆင့်မြင့်တဲ့လူသားဆိုသောဘဝကို ရရကျိုးနပ်ပါလိမ့်မယ်။

အဟောင်းကိုပစ်၊ အသစ်ကိုရှာ ၊ အပြစ်ဆိုစရာ လုံးဝမရှိပါ၊ သို့ပေမယ့် အနှစ်တွေ့အောင်တော့ကြိုးစားပါ။

ကိုရီတင်ရဲ့တောင်းဆိုမှုအရရေးဖြစ်ခဲ့တာမို့ ကိုရီတင်ကိုကျေးဇူးစကားဆိုရမှာပါ။

မေတ္တာဖြင့် အရှင်ဉာဏိက